**ပြည်သူ့ဗဟိုပြုနိုင်ငံ့ဝန်ထမ်းများဖြစ်စေရေး အာဆီယံ ၂၀၁၅ ခုနှစ်အလွန် ဦးစားပေး ဆောင်ရွက်ချက်များဆိုင်ရာ ပူထရာဂျာယာ ပူးတွဲကြေညာချက်**

မလေးရှားနိုင်ငံ၊ ဆိုက်ဘာဂျာယာမြို့၌ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံ့ဝန်ထမ်းအကြီးအကဲများ သီးသန့်အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့မှ (၁၀) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၂၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ ချမှတ်ခဲ့သည့် အာဆီယံအသိုက်အဝန်းမဏ္ဍိုင်၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်ဆိုင်ရာ ဘန်ဒါဆီရီဘီဂါဝမ် ကြေညာချက်တွင် ဖော်ပြပါရှိသည့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းမဏ္ဍိုင်မျှော်မှန်းချက်၏ အဓိကအကြောင်းအရင်းများအဖြစ် နိုင်ငံရေးဆိုင်ရာ ပေါင်းစည်းညီညွတ်မှု၊ စီးပွားရေးဆိုင်ရာပေါင်းစပ်မှု၊ လူမှုရေးဆိုင်ရာ တာဝန်ယူမှု၊ ပြည်သူကိုဗဟိုပြု ချဉ်းကပ်ဆောင်ရွက်မှု၊ ပြည်သူ့ဗဟိုပြုခြင်းနှင့် စည်းမျဉ်းစည်းကမ်းကို အခြေပြုသည့် အာဆီယံဒေသဖြစ်စေရေးနှင့်စပ်လျဉ်းသော နားလည်သဘောပေါက်ခြင်း၏ အရေးပါမှုကို ပြန်လည် သိရှိမှတ်သားနိုင်ရန်လည်းကောင်း၊

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်နေ့၌ ကျင်းပြုလုပ်ခဲ့သည့် (၂၅) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ ချမှတ်ခဲ့သည့် နေပြည်တော်ကြေညာချက်တွင် ဖော်ပြပါရှိသော ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့အပါအဝင် တန်ဖိုးနှင့် စံသတ်မှတ်ချက်များ မျှဝေခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခြင်းကို တိုးမြှင့်ခြင်းအပါအဝင် အာဆီယံအသိုက်အဝန်း မဏ္ဍိုင်၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်၏ အဓိကအကြောင်းအရာတို့ကို ထပ်မံသိရှိမှတ်သား နိုင်ရန် လည်းကောင်း၊

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်နေ့တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ် ခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ ကွန်ဖရင့်၏ အာဆီယံနိုင်ငံ့ ဝန်ထမ်းအကြီးအကဲများအစည်းအဝေး ဆုံးဖြတ်ချက်တွင် နိုင်ငံ့ဝန်ထမ်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှု

များနှင့် အာဆီယံအသိုက်အဝန်းမဏ္ဍိုင်အား အထောက်အပံ့ဖြစ်စေရန် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကို ပြန်လည်သိရှိမှတ်သားနိုင်ရန်လည်းကောင်း၊

၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့မှ (၂၈)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ ချမှတ်ခဲ့သည့် ကွာလာလမ်ပူကြေညာချက်တွင် ဖော်ပြပါရှိသည့် ပြည်သူကို ဦးတည်သော၊ ပြည်သူဗဟိုပြုသော၊ အာဆီယံအဖွဲ့အစည်းတစ်ခုဖြစ်စေရေးအတွက် ပြည်သူများအားလုံး၊ အစိုးရအဖွဲ့အစည်းများနှင့် လူမှုကဏ္ဍများပါဝင်နိုင်ပြီး အဖွဲ့အစည်းများနှင့် ပိုမိုပေါင်းစပ်ဆောင်ရွက်ခြင်းမှ အကျိုးကျေးဇူးများရရှိနိုင်သည့် ပြည်သူကိုဦးတည်သော၊ ပြည်သူကိုဗဟိုပြုသော၊ စည်းမျဉ်းစည်းကမ်းကို အခြေခံသော အာဆီယံအသိုက်အဝန်းမဏ္ဍိုင် တည်ထောင်ခြင်းအားဖြင့် စွမ်းဆောင်ရည်မြင့်မားပြီး လျင်မြန်ဖျတ်လတ်သည့် နိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရေး အထောက်အပံ့ဖြစ်စေသည်ကို သိရှိမှတ်သားနိုင်ရန်လည်းကောင်း၊

နိုင်ငံ့ဝန်ထမ်းကဏ္ဍပြုပြင်ပြောင်းလဲမှုအတွက် ပြည်သူများ၏ လိုအပ်ချက်နှင့် မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ပိုမိုညှိနှိုင်းဆောင်ရွက်မှု လိုအပ်သည်ကို သိရှိမှတ်သားနိုင်ရန်လည်းကောင်း၊

အာဆီယံဒေသတွင်း စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ရာတွင် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်၏ အရေးပါမှုကို အသိအမှတ်ပြုရန်လည်းကောင်း၊

အောက်ပါတို့ကို ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူခဲ့ကြပါသည် –

(၁) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေရန်အတွက် ပုံမှန်ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍအတွင်းကောင်းမွန်သောအုပ်ချုပ်မှုစနစ် ပိုမိုခိုင်မာအားကောင်းလာစေခြင်း၊ ကျင့်ဝတ်သိက္ခာရှိခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရန်၊

(၂) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက်နည်းပါးစေရန် နိုင်ငံ့ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း တည်ဆောက်ရာတွင် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် အကူအညီပေးခြင်းတို့ကို မြှင့်တင်ရန်၊

(၃) စွမ်းဆောင်ရည်ပျိုးထောင်ခြင်း၊ ပြည်သူများအားဝန်ဆောင်မှုပေးခြင်းနှင့် ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲမှု စသည့်နယ်ပယ်များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံ့ဝန်ထမ်းကဏ္ဍတို့တွင် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းတို့ကို မြှင့်တင်ရန်၊

(၄) ပိုမိုခိုင်မာအားကောင်းစေသည့် စည်းမျဉ်းစည်းကမ်းတို့ကို ဆက်လက်ကျင့်သုံးခြင်းဖြင့် အာဆီယံအဖွဲ့အစည်းအတွင်း ပိုမိုကျယ်ပြန့်သည့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပြည်သူများအား ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးခြင်း၊ အားလုံးပူးပေါင်းပါဝင်လာခြင်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းရန်အလို့ငှာ စီးပွားရေးအဖွဲ့အစည်းများအလိုက် ပေါင်းစည်းခြင်း၊ အစိုးရအဖွဲ့များအကြား စေ့စပ်ညှိနှိုင်းခြင်းနှင့် သက်သေသာဓကကို အခြေပြုသည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့ကို ဦးစားပေးတစ်ရပ်အနေဖြင့် ပြည်သူ့ဝန်ဆောင်မှု ပေးခြင်းဆိုင်ရာမူဝါဒတို့တွင် ကောင်းမွန်ပြီး နည်းလမ်းကျသည့် လုပ်ထုံးလုပ်နည်းများ ဖန်တီးခြင်းကို ဆက်လက်ဆောင်ရွက်ရန်၊

(၅) နိုင်ငံ့ဝန်ထမ်းကဏ္ဍအတွင်း အသက်မွေးဝမ်းကြောင်းနှင့် ကျွမ်းကျင်မှုမူဝါဒဆိုင်ရာ အဆင့်မြင့်စံနှုန်းများ၊ စွမ်းဆောင်ရည်ရှိမှု၊ ထိရောက်မှု၊ ပူးပေါင်းပါဝင်လာမှုနည်းလမ်း၊ တုံ့ပြန်ဖြည့်ဆည်းပေးမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတာဝန်ယူမှုတို့မှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများ၏ ကောင်းကျိုးနှင့် ဘဝရှင်သန်ရပ်တည်မှုတို့ကို တိုးမြှင့်ရန်၊

(၆) ယခုကြေညာချက်မှ ထုတ်ပြန်ထားသည့် ကတိကဝတ်များအား ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားနှင့် ဆွေးနွေးဖက်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် အခြားသောအစိုးရအဖွဲ့အစည်းများအတွင်း ခိုင်မာသည့်ကွန်ယက်ချိတ်ဆက်မှုများနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တည်ဆောက်ရန်၊

(၇) ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုများအပေါ်အကဲဖြတ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ကဲ့သို့သော အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ လုပ်ငန်းစီမံချက်

(၂၀၁၆ -၂၀၂၀) မှတစ်ဆင့် ယခုကြေညာချက်အား အကောင်အထည်ဖော် ဆောင်ရွက်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ပံ့ပိုးကူညီမှုနှင့်အတူ အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ ကွန်ဖရင့်ကို တာဝန်ပေးအပ်ရန်၊

အာဆီယံအသိုက်အဝန်းမဟာဗျူဟာမြှော်မှန်းချက် ၂၀၂၅ တွင် ပါဝင်သည့် အဓိကအကြောင်းအရာများကို ဖြစ်စေသည့် ပြည်သူကိုဦးတည်သော၊ ပြည်သူဗဟိုပြုအာဆီယံအဖွဲ့အစည်းတစ်ခု ဖြစ်လာစေရေး ဆောင်ရွက်ရာတွင် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ ကွန်ဖရင့်အတွက် လမ်းညွှန်မှုမူဝါဒများအဖြစ် ဆောင်ရွက်သင့်သည့် အထက်ဖော်ပြပါ ရည်မှန်းချက်များကို ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် ကတိကဝတ်ပြုအပ်ပါသည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်နေ့တွင် မလေးရှားနိုင်ငံ၊ ဆိုက်ဘာဂျာယာမြို့၌ လက်မှတ်ရေးထိုးပါသည်။